## TERMS AND CONDITIONS FOR CO-BRANDED DEBIT CARD

Myanmar Citizens Bank provides Card Products in accordance with the following terms and conditions. By using the Card Products services of Myanmar Citizens Bank, you, the "Customer," agree to comply with the rules and regulations set forth, as well as any amendments issued by the bank from time to time. The bank assumes that you, the "Customer," have read, understood, and agreed to these terms and conditions. Therefore, as a user of the Card Products services, you, the "Customer," are expected to carefully read and fully understand the rules and regulations issued by the bank.

**(Definitions)**

(1) "Bank" means the Myanmar Citizens Bank Limited (MCB Bank) - which is officially licensed by the Central Bank of Myanmar for banking operations.
(2) "ATM" means "Automated Teller Machines" installed by Myanmar Citizens Bank.
(3) "Card" means Co-Branded Debit Card made of Plastic or Metal issued by MCB Bank.
(4) "Card Holder" means a Debit Card Applicant issued by MCB Bank.
(5) "Bank Account" means the types of deposit accounts accepted by MCB Bank.
(6) "CBM" means the Central Bank of Myanmar.
(7) "Website" refers to the official website of Myanmar Citizens Bank. www.mcb.com.mm
(8) "PIN" (Personal Identification Number) refers to the Personal Identification Number required to use MCB Card Products which should be changed periodically for security purposes.
(9) Call Center refers to the bank's contact center and its phone number is 09-940051234.
(10) POS (Point of Sale) refers to the electronic device used by merchants to perform card transactions and other related functions.
(11) MPU (Myanmar Payment Union) refers to the organization formed by card issuers and card service providers as directed by the Central Bank of Myanmar.

**Terms and Conditions**

(1) Applicant have read and well understand the provisions in this application form.

(2) Applicant guarantees that all the information which he/she writes in this application form is true.

(3) Applicant shall follow the terms and conditions mandated by MCB in accord with the laws of the Republic of the Union of Myanmar.

(4) Applicant shall inform the bank when the changes are made to the contact address and phone number.

(5) Opening and operating this bank account shall be in line with the laws of the Republic of the Union of Myanmar.

(6) The cardholder must abide by the card service regulations issued by MCB Bank. In addition, the Bank shall not be liable for any disputes or financial damages not covered by these Terms and Conditions.

(7) Any type of card issued by the bank is valid for 5 years. One month before the expiration of the card, the bank will notify the cardholders to replace the new card via Phone call from MCB call center or via SMS. The MCB Card Products are a permanent possession of the MCB Bank and must be returned to the Bank by the cardholder immediately upon request by the Bank.

(8) The MCB Cards shall be used only by the Cardholder and is not transferable or assignable.

(9) The Cardholder shall take all necessary precautions to ensure the safety of the Card. The Bank shall not assume any liability whatsoever for any claim for damages arising from Cardholder's failure since the issuance of the Card.

(10) MCB Cardholder must not disclose the Personal Identification Number (PIN) provided by the Bank to anyone else.

(11) There is provision to change the PIN in any cards of MCB Bank and Cardholder must change the default PIN provided by the bank via SMS notification at the MCB Bank's ATM machine immediately

(12) Any transactions such as withdrawals or account transfers made using MCB Cards are the sole responsibility of the cardholder. If the cardholder uses the MCB Card or personal identification number 1f4cc_pushpin incorrectly or engages in fraudulent activities, resulting in losses to the bank, the cardholder shall be liable to pay compensation for such losses.

(13) The Bank shall debit the Cardholder's Account with the amount of any withdrawal, transfer and / or other transactions effected by the use of the MCB Cards, through the Debit in accordance with the Banks record of transactions. The cardholder is not allowed to use more than the amount in the card account.

(14) All fees and charges related to MCB Cards are determined by the Bank from time to time and the cardholder's account will be debited with the amount, and the Cardholder shall unconditionally agree to pay / provide funds for such levy.

(15) Annual fee for obtaining the services of Myanmar Citizens Bank, Collecting service fees for the card, transaction statement issuance fee and other service charges shall be paid by customer.

(16) At any time, the service fees may be revised, modified, or determined without prior notice, in accordance with the existing laws of the Republic of the Union of Myanmar. The service fees will be displayed in real-time on Myanmar Citizens Bank's official website.

(17) For the service charges of withdrawing the cash, checking balance inquiry, the bank will be debited from the cardholder's account from time to time.

(18) If the MCB Card is used in foreign payments, the Cardholder agrees to deduct the service charge rates set by the Bank.

(19) If the MCB Co-Branded Debit Card is lost or stolen, the Cardholder shall immediately report to the Bank and must come in person, fill out the form and be instructed to suspend the use of the card. Till such notification is received and acted upon by the Bank, the Cardholder will be responsible for all transactions effected by the use of MCB Debit Card. The bank is entitled to request any data related to the Cardholder and the account prior to blocking in order to verify the identity of the reporting person. The Bank will debit the Cardholder's Card Account with the cost of issuing a replacement MCB Debit Card.

(20) If within the validity period of the Card, which is reported lost, if the Cardholder subsequently is able to trace / find the Card, the Cardholder shall inform the Bank and may submit a request for activation.

(21) In case that the Cardholder decides to terminate the use of the MCB Card, the Cardholder shall give the bank not less than 7 working day prior notice and the card must be returned to the card department or branch where you issued it.

(22) Closure, transfer or any change in mode of operation of the designated account will not be allowed unless the Card is surrendered and dues, if any, against it are paid.

(23) In case the Bank decides to hot-list an MCB Card or cancel the facility for any reason whatsoever, the MCB Card facility shall stand automatically cancelled/ withdrawn. The Bank will not be in a position before hot-listing such MCB Card. Appropriate service charges shall also be levied to the Cardholder's account and Cardholder shall be liable for the same.

(24) The Cardholder shall provide such information, records or certificate relating to any matter that the Bank deems necessary. The Bank reserves its right to verify the veracity of the information furnished by whatever means or from whichever source deemed necessary. If the data is not provided or if found incorrect, the Bank may at its discretion refuse renewal of the Card or cancel the Card forthwith.

(25) Regardless of the type of transaction conducted, users are responsible for ensuring that the services provided by MCB Bank comply with the existing laws of the Republic of the Union of Myanmar as well as the relevant laws of other countries, without any violations.(25) Regardless of the type of transaction conducted, users are responsible for ensuring that the services provided by MCB Bank comply with the existing laws of the Republic of the Union of Myanmar as well as the relevant laws of other countries, without any violations.

(26) Whatever the matter for the failures of ATM and POS not owned by MCB such as machine not working properly, insufficient cash in machine, machine malfunction, power outages, communication failures or any other matters, MCB bank shall not be liable.

(27) The Cardholder must physically be present in MCB Bank's branch if he / she / it elect to close their Card.

(28) When closing the Card, the Cardholder must immediately return their Card to the MCB Bank. The cards that are closed will be systematically destroyed by Bank according to Bank's regulation.

(29) The bank has the right to disclose information related to the cardholder's account to the Central Bank of Myanmar, courts of the Republic of the Union of Myanmar, regulatory authorities, and subordinate organizations, as required by the prevailing laws, upon request.

(30) The cardholder is prohibited from using the card for activities, services, or purchases that are not exempt by law. Furthermore, the bank also prohibits the use of the card for businesses, shops, or services that are specifically restricted by the bank or the relevant regulatory authorities.

(31) The Bank shall be entitled to terminate the MCB Co-Branded Card facility with immediate effect and recall / return of the MCB Co-Branded Debit Card upon the occurrence of any of the following:

a. Failure to adhere or comply with these terms and conditions or as may be stipulated from time to time.
b. Upon hot-listing the MCB Co-Branded Debit Card or in the event of default under any agreement or commitment (contingent or otherwise) entered into with the Bank.
c. Upon the Bankruptcy or any insolvency / other proceedings of similar nature imposed on the Cardholder.
d. Death of the Cardholder.
e. Any other event by with the Bank concludes that allowing possession of card with the cardholder is detrimental to the image / interest of the Bank.

(32) The Cardholder(s) has / have read, understood and agreed to be bound by these terms and conditions subsisting. The Bank may in its absolute discretion to amend/supplement/terminate these terms and conditions from time to time and will inform to the cardholder on MCB Bank Website. Use of the MCB Card after the date specifying such modification / change will constitute acceptance of such change.

(33) Myanmar Citizens Bank may provide personal information obtained from the cardholder, as well as information related to the cardholder's account or transactions made using the card, to the any Regulatory Authority, Law Enforcement Authority or Judicial Courts under the following circumstances:
- To comply with the requirements of the law or with court orders
- Where required to address, rectify, ameliorate or mitigate fraud, security or technical issues.
- If any issues arise related to illegal activities, money laundering, or transactions involving the transfer of funds to accounts that have been restricted by the Central Bank of Myanmar and regulatory authorities, the bank may request all information related to the processes you, as the "Customer," have used. You, as the "Customer," agree to provide consent for the bank to obtain such information.

(34) The Cardholder is obliged to return any excess funds inaccurately credited due to erroneous transactions by a third party or by MCB Bank or for any reason. Where such funds do not rightfully belong to the Cardholder MCB Bank may deduct such excess deposits without any restriction, notice or by all reasonable other means.

(35) The Cardholder accepts the onus of ensuring compliance with the relevant Central Bank of Myanmar (CBM) Rules and Regulations, all the existing rules and law framed under the laws and as amended / modified / applicable from time to time and any other corresponding enactment in force from time to time.

(36) The Cardholder shall inform the Bank immediately if there are any charges in the information provided in the application for issuance of the Card including change in his employment and / or office or residential address and telephone number, etc.

(37) If the Card is not used for any transaction by the Cardholder within 180 days of the issuance of the Card, the Card will be automatically deactivated.

(38) All disputes that arise shall be resolved through legal proceedings in the relevant courts in accordance with the existing laws of the Republic of the Union of Myanmar.

(39) The Cardholder will be liable for all the costs associated with the collection of dues, legal expenses or where legal resources have been utilized in the resolution of a dispute

(40) The powers and authorization conferred on the Bank are irrevocable.

မြန်မာနိုင်ငံသားများဘဏ်၏ ကတ်ဝန်ဆောင်မှုကို အသုံးပြုသော Customer များ အနေဖြင့် အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို သဘောတူလိုက်နာရန် လိုအပ်ပါသည်။ ဤသဘောတူညီချက်တွင် Myanmar Citizens Bank၏ Card Products ဝန်ဆောင်မှုများကို အသုံးပြုရာတွင် သင် "Customer" မှ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ နှင့် ဘဏ်မှအခါအားလျော်စွာ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများအား သင် "Customer" မှ သိရှိနားလည်ပြီး သဘောတူသည်ဟု ဘဏ်မှ မှတ်ယူမည် ဖြစ်သည်။ ထို့ကြောင့် Card Products ဝန်ဆောင်မှုအား အသုံးပြုသူ သင်"Customer" အနေဖြင့် ဘဏ်မှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား သေချာစွာ ဖတ်ရှု၍ သိရှိနားလည်ထားရမည် ဖြစ်သည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်များ (Definitions)

(၁) "ဘဏ် (Bank)" ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် တရားဝင်လိုင်စင်ရရှိထား သည့် (Myanmar Citizens Bank Limited) (MCB Bank) ကို ဆိုလိုပါသည်။
(၂) 'ATM' ဆိုသည်မှာ မြန်မာနိုင်ငံသားများဘဏ်မှ တပ်ဆင်ထားသော အလိုအလျောက်ငွေထုတ်ယူနိုင်သောစက် ဖြစ်သည်။
(၃) "ကတ် (Card)" ဆိုသည်မှာ မြန်မာနိုင်ငံသားများဘဏ်မှ ထုတ်ဝေသည့် Plastic or Metal ဖြင့်ပြုလုပ်ထားသည့် Co-Branded Debit Card ကိုဆိုလိုပါသည်။
(၄) "ကတ်ကိုင်ဆောင်သူ (Card Holder) " ဆိုသည်မှာ မြန်မာနိုင်ငံသားများဘဏ် မှ ထုတ်ဝေသည့် Debit Card လျှောက်ထား ကိုင်ဆောင် အသုံးပြုသူကို ဆိုလိုပါသည်။
(၅) "ဘဏ်စာရင်း (Bank Account)" ဆိုသည်မှာ ယေဘုယျ မှ လက်ခံဆောင်ရွက်ပေးနေသည့် အပ်ငွေစာရင်းအမျိုး အစားများကိုဆိုလိုပါသည်။
(၆) "ဗဟိုဘဏ်" ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကိုဆိုလိုသည်။
(၇) "Website" ဆိုသည်မှာ အင်တာနက်တွင်ရှိသည့် မြန်မာနိုင်ငံသားများဘဏ်၏ တရားဝင်ဝက်ဆိုက်ကို ဆိုလိုသည်။
(၈) "PIN" (Personal Identification Number) ဆိုသည်မှာ MCB Card Product များကိုအသုံးပြုရန်လိုအပ်သော ကိုယ်ပိုင် လျှို့ဝှက်လုံခြုံရေးနံပါတ်ဖြစ်ပြီး အခါအားလျော်စွာ ပြောင်းလဲအသုံးပြုရမည်ဖြစ်သည်။
(၉) Call Center ဆိုသည်မှာ ဘဏ်၏ဆက်သွယ်ရေး ဗဟိုဌာန ဖုန်းနံပါတ် ၀၉ - ၉၄၀၀၅၁၂၃၄ ဖြစ်သည်။
(၁၀) POS ဆိုသည်မှာ ကုန်သည်များက ကတ်လုပ်ငန်းဆောင်တာများ နှင့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် အသုံးပြုသည့် အီလက်ထရောနစ် ပစ္စည်းကို ဆိုလိုသည်။
(၁၁) MPU ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ ကတ်ထုတ်ပေးသူနှင့် ကတ်ဝန်ဆောင်မှုပေးသူများက ဖွဲ့စည်းထားသည့် Myanmar Payment Union ကို ဆိုလိုသည်။

စည်းမျဉ်းစည်းကမ်းများ

(၁) လျှောက်ထားသူသည် လျှောက်လွှာပါအချက်အလက်များအား ကောင်းစွာဖတ်ရှုနားလည် သဘောတူပါသည်။

(၂) လျှောက်ထားသူသည် ဤလျှောက်လွှာပုံစံတွင် ရေးသားထားသောအချက်အလက်များမှန်ကန်ကြောင်း အာမခံပါ သည်။

(၃) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံသားများဘဏ်၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပါမည်။

(၄) လျှောက်ထားသူသည် ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များပြောင်းလဲပါက ဘဏ်သို့ဆက်သွယ်အကြောင်းကြားရ မည်။

(၅) ဤစာရင်းဖွင့်လှစ်ခြင်း၊ လည်ပတ်ခြင်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေနှင့်အညီ ဖြစ်ရမည်။

(၆) ကတ်ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားများဘဏ် မှ ထုတ်ပြန်ထားသည့် ကတ်ဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင် အဆိုပါစည်းမျဉ်း စည်းကမ်းများတွင် အကျုံးမဝင်သည့်အငြင်းပွားဖွယ်ကိစ္စရပ်များနှင့် ငွေကြေး နစ်နာဆုံးရှုံးမှုများအတွက် ဘဏ်တွင် တာဝန်မရှိစေရ။

(၇) ဘဏ်မှထုတ်ဝေသည့် မည်သည့်ကတ်အမျိုးအစားကိုမဆို သက်တမ်း (၅) နှစ်သတ်မှတ်သည်။ ဘဏ်သည် ကတ်သက်တမ်းမကုန်ဆုံးမီတစ်လအလိုတွင် ကတ်ကိုင်ဆောင်သူများထံသို့ Call Center မှဖြစ်စေ၊ SMS ဖြင့် ဖြစ်စေသင့်တော်သည့်နည်းလမ်းဖြင့် ကတ်အသစ်လဲလှယ်ရန်အကြောင်းကြားပေးမည် ။ မြန်မာနိုင်ငံသားများဘဏ် ၏ Card Product များသည် ဘဏ်မှသာ အမြဲတမ်းပိုင်ဆိုင်ထားသည့် ပစ္စည်းဖြစ်ပြီး အကြောင်းတစ်စုံတစ်ရာ ကြောင့် ဘဏ်မှပြန်လည်တောင်းဆိုပါက ကတ်ကိုင်ဆောင်သူမှ ဘဏ်သို့ ချက်ချင်းအပ်နှံရမည်။

(၈) MCB Card များသည် ကတ်ကိုင်ဆောင်သူတစ်ဦးတည်းသာ သုံးစွဲခွင့်ရှိပြီး အခြား တစ်စုံတစ်ဦးအား လွှဲပြောင်းပေး အပ်ခြင်း ကိုင်ဆောင်အသုံးပြုခြင်းမရှိစေရ။

(၉) MCB Card ကိုင်ဆောင်သူသည် မိမိကတ်၏လုံခြုံမှုကို တာဝန်ယူရမည်ဖြစ်ပြီး ကတ်ထုတ်ယူချိန်မှစ၍ ကတ်ကိုင်ဆောင်သူ၏ တစ်စုံတစ်ရာချို့ယွင်းမှုကြောင့် Debit Card ပျက်စီးခြင်း၊ ကိုယ်ပိုင်လျှို့ဝှက်လုံခြုံရေးနံပါတ် (PIN) ပျောက်ဆုံးခြင်းတို့ကို ဘဏ်မှတာဝန်ယူမည်မဟုတ်ပါ။

(၁၀) မြန်မာနိုင်ငံသားများဘဏ်မှ ထုတ်ဝေထားသောကတ်ကိုင်ဆောင်သူသည် ဘဏ်မှပေးအပ်သော ကိုယ်ပိုင် လျှို့ဝှက်လုံခြုံရေးနံပါတ် (PIN) နှင့် ပြောင်းလဲအသုံးပြုထားသည့် ကိုယ်ပိုင်လျှို့ဝှက်လုံခြုံရေးနံပါတ် (PIN) အား အခြားမည်သူ တစ်ဦးတစ်ယောက် ကိုမှ အသိပေးခြင်း၊ ထုတ်ဖော်ပြောကြားခြင်း၊ မည်သည့်နေရာ တွင်မှ ရေးမှတ်သိမ်းဆည်းထားခြင်းမပြုရပါ။

(၁၁) Card စတင်ထုတ်ယူပြီးသည်နှင့် ဘဏ်မှပထမဦးဆုံး SMS ဝန်ဆောင် မှုဖြင့်ထုတ်ပေးသော ကိုယ်ပိုင်လျှို့ဝှက်လုံခြုံရေးနံပါတ် (PIN) အား မြန်မာနိုင်ငံသားများဘဏ် ATM စက်များတွင် ချက်ချင်းပြောင်းလဲရမည်။

(၁၂) MCB Card များအသုံးပြု၍ ငွေထုတ်ယူခြင်း၊ စာရင်းလွှဲပြောင်းခြင်းစသည့် စာရင်းရှင်းလင်းမှု အားလုံးသည် ကတ်ကိုင်ဆောင်သူ၏တာဝန်သာဖြစ်ပြီး သက်ဆိုင်ရာ MCB Card များနှင့် ကိုယ်ပိုင်လျှို့ဝှက်လုံခြုံရေးနံပါတ် (PIN) တို့ကိုမှားယွင်းအသုံးပြုခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းတို့ကြောင့် ဘဏ်အားဆုံးရှုံးနစ်နာမှုများရှိပါက ကတ်ကိုင် ဆောင်သူမှ ဒဏ်ကြေးပေးလျော်ရမည်။

(၁၃) MCB Card များအသုံးပြု၍ ငွေထုတ်ယူခြင်း၊ ငွေလွှဲခြင်းတို့ ပြုလုပ်သောငွေပမာဏအား ကတ်ကိုင်ဆောင်သူ၏ ဘဏ်ရှိကတ်စာရင်းမှနုတ်ယူမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကတ်စာရင်းတွင် ရှိသော ငွေပမာဏထက် ကျော်လွန်၍ ထုတ်ယူသုံးစွဲခွင့်မရှိပါ။

(၁၄) မြန်မာနိုင်ငံသားများဘဏ် မှထုတ်ဝေထားသောကတ်များ သုံးစွဲခြင်းအတွက်ပေးဆောင်ရမည့် အခနှုန်းထားများအား ဘဏ်မှ သတ်မှတ်ကောက်ခံပါက ကတ်ကိုင်ဆောင်သူမှပေးဆောင်ရန် သဘောတူညီပြီး ၎င်း၏ကတ် စာရင်းမှ ထုတ်နုတ်ကျ ခံရမည်။

(၁၅) မြန်မာနိုင်ငံသားများဘဏ်၏ ဝန်ဆောင်မှုရယူခြင်းအတွက် ကတ်ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားများဘဏ်မှ နှစ်စဉ်ကြေးတောင်းခံခြင်း၊ ကတ်အတွက် ဝန်ဆောင်ခ ကောက်ခံခြင်း၊ Transaction ရှင်းတမ်းထုတ်ပေးခနှင့် အခြားသော ဝန်ဆောင်မှုများကို ပေးဆောင်ရမည်ဖြစ်သည်။

(၁၆) မည်သည့်အချိန်တွင်မဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများပေါ် မူတည်၍ ဝန်ဆောင်ခနှုန်းထားများအား ကြိုတင် အကြောင်းကြားခြင်းမရှိဘဲ ပြန်လည်ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။ ဝန်ဆောင်ခနှုန်းထားများအား မြန်မာနိုင်ငံသားများဘဏ်၏ Official Website တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးသွားပါမည်။

(၁၇) ငွေထုတ်ယူခြင်း၊ လက်ကျန်ငွေစစ်ဆေးခြင်းစသည့် ကိစ္စရပ်အားလုံးနှင့်စပ်လျဉ်း၍ ဘဏ်မှအခါအားလျော်စွာ ဝန်ဆောင်ခနှုန်းထားများကို သတ်မှတ်တောင်းခံပါက Card ကိုင်ဆောင်သူစာရင်းမှ ထုတ်နုတ်ရှင်းလင်းမည် ဖြစ်သည်။

(၁၈) MCB ကတ်ကို နိုင်ငံခြားငွေပေးချေမှုများနှင့် ဆက်စပ်၍အသုံးပြုပါက ဘဏ်မှသတ်မှတ် ထားသော ဝန်ဆောင်ခ နှုန်းထားများကိုနုတ်ယူရန် ကတ်ကိုင်ဆောင်သူမှသဘောတူပါသည်။

(၁၉) MCB Card ကိုင်ဆောင်သူသည် ကတ်ပျောက်ဆုံး၊ ခိုးယူခံရ၍သော်လည်းကောင်း၊ ပျက်စီး၍သော်လည်းကောင်း ဖြစ်ပေါ်လာပါက ဘဏ်သို့ချက်ခြင်းအကြောင်းကြားပြီးနောက် လူကိုယ်တိုင် လာရောက်၍ သတ်မှတ်ပုံစံဖြည့်စွက် ကာ ကတ်အသုံးပြုမှုအားယာယီရပ်ဆိုင်းရန်ညွှန်ကြားမှုပြုရပါမည်။ ကတ်ပျောက်ကြောင်းဘဏ်သို့ အကြောင်း မကြားမီအချိန်အထိဖြစ်ပေါ်ခဲ့သော ငွေထုတ်ယူမှုများအား ကတ်ကိုင်ဆောင်သူမှတာဝန်ယူရပါမည်။ ဘဏ်မှ ကတ်ကိုင်ဆောင်သူနှင့်ပတ်သက်သော အချက်အလက်များအားတောင်းယူပိုင်ခွင့်ရှိပြီး စုံစမ်းစစ်ဆေးနေစဉ်အတွင်း သက်ဆိုင်ရာကတ်အား ဘဏ်မှစေတ္တရပ်ဆိုင်းထားခွင့်ရှိသည်။ ကတ်အသစ်အစားထိုးထုတ်လုပ်မှုအတွက် ကတ် ပိုင်ရှင်၏ဘဏ်စာရင်းမှကတ်တန်ဖိုးနှုန်းကောက်ခံမည်ဖြစ်သည်။

(၂၀) ကတ်ပျောက်ဆုံးကြောင်း ဘဏ်သို့ အကြောင်းကြားပြီးမှ သက်တမ်းရှိသေးသောကတ်အား ပြန်လည်တွေ့ရှိပါက ဘဏ်သို့ ပြန်လည်အကြောင်းကြားရမည်ဖြစ်သည်။ ယာယီရပ်ဆိုင်းထားသော ကတ်အတွက် ကတ်ကိုင်ဆောင်သူမှ ပြန်လည် အသုံးပြုခွင့် လျှောက်ထားရမည်ဖြစ်သည်။

(၂၁) MCB Card ကိုင်ဆောင်သူသည် ကတ်အသုံးပြုမှုအား မိမိ၏သဘောဖြင့် ရပ်ဆိုင်းလိုလျှင် ဘဏ်သို့ အနည်းဆုံး (၇) ရက်ကြိုတင်၍ အကြောင်းကြားရမည်ဖြစ်ပြီး မိမိထုတ်ယူခဲ့သော ကတ်ဌာန (သို့မဟုတ်) ဘဏ်ခွဲ၌ ကတ်ကို ပြန်လည်အပ်နှံရမည်ဖြစ်သည်။

(၂၁) MCB Card ကိုင်ဆောင်သူသည် ကတ်အသုံးပြုမှုအား မိမိ၏သဘောဖြင့် ရပ်ဆိုင်းလိုလျှင် ဘဏ်သို့ အနည်းဆုံး (၇) ရက်ကြိုတင်၍ အကြောင်းကြားရမည်ဖြစ်ပြီး မိမိထုတ်ယူခဲ့သော ကတ်ဌာန (သို့မဟုတ်) ဘဏ်ခွဲ၌ ကတ်ကို ပြန်လည်အပ်နှံရမည်ဖြစ်သည်။

(၂၂) ကတ်အသုံးပြုမှုရပ်ဆိုင်းပြီးနောက် ပေးဆောင်ရမည့်အစနူန်းထားများကျန်ရှိနေပါက သက်ဆိုင်ရာကတ်စာရင်းအား စာရင်းပိတ်ခြင်း၊ စာရင်းလွှဲပြောင်းခြင်းနှင့် အခြားလွှဲပြောင်းမှုများအား ခွင့်ပြုမည်မဟုတ်ပါ။

(၂၃) အကြောင်းတစ်စုံတစ်ရာကြောင့် ဘဏ်မှကတ်အား ကတ်ပျက်စာရင်းသွင်းခြင်း၊ ပယ်ဖျက်ခြင်းများရှိပါက ကတ်ကိုင် ဆောင်သူအား ကြိုတင်အသိပေးရန်မလိုပဲ မြန်မာနိုင်ငံသားများဘဏ် ကတ်ဌာနမှ ဆုံးဖြတ်ပိုင်ခွင့်ရှိမည် ဖြစ်သည်။ လိုအပ်ပါက ထိုက်သင့်သောဒဏ်ကြေးနှင့် အစနူန်းထားများကို ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းမှ ထုတ်နှုတ်ကောက်ခံ မည်ဖြစ်သည်။

(၂၄) ကတ်ကိုင်ဆောင်သူသည် ဘဏ်မှလိုအပ်သည့်အချက်အလက်များ တောင်းခံမှုကိုလိုက်နာပြီး ချမှတ်ထားသည့် အတိုင်းလိုက်နာဆောင်ရွက်ရမည်။ တင်ပြပေးအပ်သော အချက်အလက်များမပြည့်စုံခြင်း၊ မှားယွင်းတင်ပြထားခြင်း များရှိပါက သက်ဆိုင်ရာကတ်အားသက်တမ်းတိုးပေးရန်ငြင်းဆိုခြင်းနှင့် ကတ်ပျက်စာရင်းသွင်းခြင်း၊ ကတ်ပယ်ဖျက် ခြင်း တို့ကို ဘဏ်မှလုပ်ဆောင်နိုင်သည်။

(၂၅) မည်သည့် Transaction မျိုး ပြုလုပ်သည်ဖြစ်စေ မြန်မာနိုင်ငံသားများဘဏ်မှ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများကိုသော်လည်း ကောင်း ချိုးဖောက်မှုမရှိကြောင်း အသုံးပြုသူကတာဝန်ယူပါသည်။

(၂၆) မည်သည့်အကြောင်းကြောင့်မဆို မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ ပိုင်ဆိုင်ခြင်းမဟုတ်သည့် ATM (သို့မဟုတ်) POS စက်များကောင်းစွာအလုပ်မလုပ်ခြင်း၊ ထိုသို့သောစက်များတွင် ငွေကြေးအလုံအလောက်မရှိခြင်း၊ စက်ပစ္စည်းချွတ်ယွင်းခြင်း၊ (သို့မဟုတ်) လျှစ်စစ်ဓါတ်အား ပြတ်တောက်ခြင်း (သို့မဟုတ်) ဆက်သွယ်ရေးပြတ် တောက်ခြင်း (သို့မဟုတ်) အခြားမည်သည့်အကြောင်းများကြောင့်မဆို ဝန်ဆောင်မှု အသုံးပြု၍မရခြင်းအတွက် မြန်မာနိုင်ငံသားများဘဏ်လီမိတက်တွင် တာဝန်မရှိစေရ။

(၂၇) ကတ်ကိုင်ဆောင်သူသည် သူ/သူမ ၏ ကတ်ကို ပိတ်သိမ်းရန်ရွေးချယ်ပါက မြန်မာနိုင်ငံသားများဘဏ်၏ ဘဏ်ခွဲသို့ ကတ်ကိုင်ဆောင်သူသည် ကိုယ်တိုင်လာရောက်ရမည်။

(၂၈) ကတ်ကိုပိတ်သိမ်းသည့်အခါ၊ ကတ်ကိုင်ဆောင်သူသည် ၎င်း၏ကတ်အား မြန်မာနိုင်ငံသားများဘဏ်သို့ ချက်ခြင်း ပြန်လည်ပေးအပ်ရမည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ၎င်းပိတ်သိမ်းထားသောကတ်အား ဘဏ်၏ လုပ်ငန်းစဉ်အတိုင်း စနစ်တကျဖျက်ဆီးပါမည်။

(၂၉) ဘဏ်သည် ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းနှင့်ပတ်သက်သော အချက်အလက်များကို တည်ဆဲဥပဒေများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တရားရုံးများ၊ ကြီးကြပ်ရေး အာဏာပိုင် အဖွဲ့အစည်းများ နှင့် လက်အောက်ခံအဖွဲ့အစည်းများက တောင်းခံလာပါက ဘဏ်မှ ထုတ်ဖော်တင်ပြခွင့်ရှိသည်။

(၃၀) ကတ်ကိုင်ဆောင်သူသည် ဥပဒေနှင့်မလွတ်ကင်းသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုများ၊ ပစ္စည်းဝယ်ယူခြင်းများ အတွက် ကတ်အသုံးပြုခြင်းကိုတားမြစ်သည်။ ထို့အပြင်ဘဏ်မှ အခါအားလျော်စွာ ဘဏ်နှင့်သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင် အဖွဲ့အစည်းများမှ သတ်မှတ်ထုတ်ပြန်တားမြစ်ထားသည့် လုပ်ငန်းများ၊ အရောင်းဆိုင်များ၊ ဝန်ဆောင်မှုများ တွင်လည်း ကတ်ဖြင့်အသုံးပြုမှုကိုတားမြစ်သည်။

(၃၁) အောက်ပါအချက်များအနက်မှ တစ်ခုခုဖြစ်ပေါ်လာပါက MCB Card အသုံးပြုခွင့်ကို ချက်ချင်းရပ်ဆိုင်းမည်ဖြစ် သည်။

- (က) ယခုပြဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အတူ အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်မှုများ ကို မလိုက်နာခြင်းနှင့် ကိုက်ညီမှုမရှိခြင်း။
- (ခ) ဘဏ်နှင့်သဘောတူညီထားမှုများကို ကျူးလွန်ပျက်ကွက်ခြင်းနှင့် ကတ်ပျက်စာရင်းသွင်းခံရခြင်း။
- (ဂ) ကတ်ကိုင်ဆောင်သူ ဒေဝါလီခံခြင်းနှင့် အလားတူကိစ္စများ ဖြစ်ပွားခြင်း။
- (ဃ) ကတ်ကိုင်ဆောင်သူ ကွယ်လွန်ခြင်း။
- (င) ကတ်ကိုင်ဆောင်သူကြောင့် ဘဏ်ဂုဏ်သိက္ခာထိခိုက်သည်ဟု ဘဏ်မှကောက်ချက်ချခြင်း။

(၃၂) ကတ်ကိုင်ဆောင်သူသည် ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများကို နားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူ ညီရမည်။ ၎င်းစည်းမျဉ်းစည်းကမ်းများကို ဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်/ဖြည့်စွက်/ရပ်စဲခွင့်ရှိပြီး ကတ်ကိုင် ဆောင်သူ သိသာရန် MCB Bank Website တွင် အကြောင်းကြားပေးမည်ဖြစ်သည်။ ပြင်ဆင်ဖြည့်စွက်ချက်များ အတည်ဖြစ်မည့်ရက် နောက်ပိုင်း ကတ်အသုံးပြုမှုများသည် အဆိုပါဖြည့်စွက်ချက်များကို ကတ်ကိုင်ဆောင်သူမှ လက်ခံသဘောတူညီပြီး အသုံးပြုခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(၃၃) မြန်မာနိုင်ငံသားများဘဏ်သည် ကတ်ကိုင်ဆောင်သူထံမှရရှိထားသည့် ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များ အပြင် ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ (သို့မဟုတ်) ကတ်ကို အသုံးပြုပြီး ကတ်ကိုင်ဆောင်သူကပြုလုပ်လိုက်သည့် Transaction နှင့် သက်ဆိုင်သည့် အချက်အလက်များအား မည်သည့် ဥပဒေပိုင်ဆိုင်ရာ အာဏာပိုင်၊ တရားဥပဒေစိုးမိုးရေးအာဏာပိုင် (သို့မဟုတ်) တရားရုံးများသို့ ပေးအပ်နိုင်သည်။ အောက်ပါကိစ္စရပ်များကြောင့် မြန်မာနိုင်ငံသားများဘဏ်သည် ကတ်ကိုင်ဆောင်သူ၏ ကိုယ်ရေးအချက်အလက်များ အားပေးနိုင်သည် –

- (က) ဥပဒေ (သို့မဟုတ်) တရားရုံးအမိန့်နှင့် အညီဖြစ်စေရန်၊
- (ခ) လိမ်လည်မှု၊ လုံခြုံရေး (သို့မဟုတ်) နည်းပညာဆိုင်ရာ ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရန်၊ စစ်ဆေးရန်၊ လျော့ပါးသွားစေရန်အတွက် လိုအပ်လျှင်။
- (ဂ) ဘဏ်၏ Card Products ဝန်ဆောင်မှုအား အသုံးပြု၍ ဥပဒေချိုးဖောက်ခြင်း၊ ငွေကြေးခဝါချခြင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ကြီးကြပ်ရေး အာဏာပိုင် အဖွဲ့အစည်းများမှ ကန့်သတ်ပိတ်ပင်ထားသည့် စာရင်းပိုင်ရှင်၏ စာရင်းအတွင်းသို့ ငွေလွှဲပြောင်းခြင်း ကိစ္စရပ်များ ပေါ်ပေါက်လာခဲ့ပါက သင် "Customer" အသုံးပြုခဲ့သော လုပ်ငန်းစဉ်အားလုံး၏ သတင်းအချက်အလက်များအား ဘဏ်မှတောင်းဆိုရယူခြင်းအား သင် "Customer" မှ သဘောတူညီရန်။

(၃၄) တတိယအုပ်စုဝင်ကဖြစ်စေ၊ မြန်မာနိုင်ငံသားများဘဏ်ကဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ (သို့မဟုတ်) မည်သည့် အကြောင်းကြောင့်မဆို မှားယွင်းပေးပို့မိသော မည်သည့်ပိုငွေကိုမဆို ပြန်ပေးရန် ကတ်ကိုင်ဆောင်သူထံတွင် တာဝန်ရှိသည်။ ထိုသို့သော ငွေကြေးသည် ကတ်ကိုင်ဆောင်သူက မှန်မှန်ကန်ကန် ပိုင်ဆိုင်ရရှိရမည့် ငွေကြေး မဟုတ်သည့် အတွက် မြန်မာနိုင်ငံသားများဘဏ်သည် ထိုသို့ ပို၍ထုတ်ပေးမိသော ငွေကို မည်သည့် ကန့်သတ်ချက်မျှ မရှိဘဲ သို့မဟုတ် အသိပေးအကြောင်းကြားမှု မလုပ်ဘဲ သို့မဟုတ် ကျိုးကြောင်းဆီလျော်သည့် အခြားသော နည်းဖြင့် နှုန်မ်ပိုင်ခွင့်ရှိသည်။

(၃၅) ကတ်ကိုင်ဆောင်သူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း တည်ဆဲဥပဒေများနှင့် ဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လိုက်နာဆောင်ရွက်မည်ဟု မှတ်ယူရမည်။

(၃၆) ကတ်ကိုင်ဆောင်သူ၏ ကတ်လျှောက်လွှာပါအချက်များဖြစ်သော ရုံး/အိမ်လိပ်စာနှင့် ဖုန်းနံပါတ်များ၊ အလုပ်အကိုင် အပြောင်းအလဲများ တစ်စုံတစ်ရာရှိခဲ့ပါက ကတ်ကိုင်ဆောင်သူသည် ဘဏ်သို့ချက်ချင်း အကြောင်းကြားရမည်။

(၃၇) အကယ်၍ ကတ်ကိုင်ဆောင်သူသည် ကတ်ထုတ်ယူပြီး ရက်ပေါင်း (၁၈၀) အတွင်း ကတ်အသုံးပြုခြင်းမရှိပါက အသုံးပြုခွင့် အလိုအလျောက်ရပ်ဆိုင်းခြင်းခံရမည်။

(၃၈) ဖြစ်ပေါ်လာသော အငြင်းပွားမှုအားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတရားရုံးများ၌ တရားရင်ဆိုင်ဖြေရှင်းရမည်။

(၃၉) အငြင်းပွားမှုများကို တရားရင်ဆိုင်ဖြေရှင်းရာတွင် ဥပဒေရေးရာ ကုန်ကျစရိတ်များကို ကတ်ကိုင်ဆောင်သူမှ တာဝန်ယူ ကျခံရမည်ဖြစ်သည်။

(၄၀) ဘဏ်၏လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာတို့သည် ပျက်ပြယ်ခြင်းမရှိစေရ။